# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆။)

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် -

(က) ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃။ လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပနိုင်ရေး အတွက်လည်းကောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်နိုင်ရေးအတွက်လည်းကောင်း နိုင်ငံတော် သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာ တွင် ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အနည်းဆုံး အဖွဲ့ဝင်ငါးဦးကို ခန့်အပ် တာဝန်ပေးအပ် နိုင်သည်။"

(ခ) ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် -

(က) အသက် ၅၀ နှစ် ပြည့်ပြီးသူများ ဖြစ်ရမည်။

(ခ) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

(ဂ) (၁) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရား လွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရား သူကြီးအဖြစ်ဖြစ်စေ၊ အလားတူ ရာထူးတာဝန် တစ်ခုခုတွင်ဖြစ်စေ အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့သူ ဖြစ်ရမည် သို့မဟုတ်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ထက် မနိမ့်သော တရားရေး အရာရှိ သို့မဟုတ် ဥပဒေအရာရှိ ရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည် သို့မဟုတ်၊

(၃) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူဖြစ်ရမည် သို့မဟုတ်၊

(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်း ရှိသောပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်ရမည်။

(ဃ) သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံ ရင့်ကျက်သူ ဖြစ်ရမည်။

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိသူဖြစ်ရမည်။

(စ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာ ရှိသူ ဖြစ်ရမည်။

(ဆ) နိုင်ငံရေးပါတီဝင်မဟုတ်သူ ဖြစ်ရမည်။

(ဇ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်။

(ဈ) လစာ၊ စရိတ်၊ ကြေးငွေရသော အခြား မည်သည့်ရာထူးကိုမျှ လက်ခံခြင်းမပြုသူ ဖြစ်ရမည်။”

(ဂ) ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၆။ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်း ကြောင့်ဖြစ်စေ၊ အခြား အကြောင်းတစ်ခုခု ကြောင့်ဖြစ်စေ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတ သည် ဤဥပဒေနှင့်အညီ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အသစ် ခန့်အပ် တာဝန်ပေးနိုင် သည်။ ထိုသို့ ခန့်အပ်တာဝန်ပေးခြင်းခံရသော ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ရာထူး သက်တမ်းသည် ကော်မရှင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်စေရမည်။”

(ဃ) ပုဒ်မ ၈ တွင် ပုဒ်မခွဲ (ည) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ည) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုကြောင်း သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များ အနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က ကော်မရှင်သို့ တင်ပြလာလျှင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င) တို့နှင့် အညီ စစ်ဆေးဆောင်ရွက်ခြင်း၊”

(င) ပုဒ်မ ၈ တွင် “ပုဒ်မခွဲ (ည)ကို (ဋ) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဋ) ကို (ဌ) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဌ) ကို (ဍ) အဖြစ်လည်းကောင်း” ပြောင်းလဲသတ်မှတ်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်